## မထိုက်လို့ဖြစ်မှာပါ

တကယ်ပါကွယ် - သူ့ရဲ့
ဂရုဏာရယ်ထွန်းတဲ့ မျက်ဝန်းလေးတစုံရယ်
အကြင်နာရောင်သန်းတဲ့ အပြုံးနှုတ်ခမ်းလေးရယ်
သံယောဇဉ်စီခြယ်ထားတဲ့ သံစဉ်စကားလေးတွေရယ်
ကိုယ့်အတွက်လို့ ယုံစားမိပါတယ်။
ချစ်ခြင်းတရားတွေ ရင်မှာထုတ်ပိုက်လို့
အပြေးလိုက်ကြည့်တဲ့အခါ
ပစ်ခွင်းမြှားတွေသာ ဝင်လာငုပ်စိုက်ခဲ့
မထိုက်လို့ဖြစ်မှာပါ
နာရီလက်တံတွေသာ ညောင်းလို့ ကျိုးကုန်ပြီ
ဘာမသိတဲ့ အချစ်ကတော့
တရက်တလံမှ နောက်မဆုတ်
စိမ်းကားခြင်း (တုတ်) ချက်အောက်မှာ
မုန်းသူ့ရဲ့ နှလုံးအိမ်က
အကြင်နာလေးတကန့်
လက်ဝါးဖြန့်တောင်းမိတဲ့ဒါက်
ခံပေအုန်းတော့ နှစ်ပေါင်းများစွာ
ရှိပါစေလေ တခုတဝက်မှ မသက်ညှာ
ဖြိုရက်လာတဲ့ ဥပက္ခာသမားကို
ဘယ်လိုဖြစ်ဖြစ် ချစ်ချစ်နေခွင့်လေး
အသက်ရှင်သေးသရွေ့ ထွေးပွေ့ထားမယ်နော်။

## May Not Deserve

*Indeed, apair of his iris*
*with full of sympathy,*
*Indeed, a pair of smiley lips*
*filled with passion*
*Indeed, melody speech*
*which was decorated by affection*
*I simply believed*
*those all may belong to me.*
*I dash quickly and look over*
*while holding sign of love to my heart.*
*but I only found that those pirecing arows stab over myself*
*May be -----*
*I might not deserve it back*
*Minutes & seconds may old & broken*
*and the time will take day by day,*
*though my enternal love will never be step behind,*
*Under the face of ignorance*
*with the heart of unlove one.*
*I only just ask for a piece of love.*
*Indeed, I am the one*
*who should be sentence for asking some.*
*Years after years*
*he may be the one*
*not showing mercy on me.*
*Let that it be.*
*As long as I am a live*
*I wanna be there*
*No matter what*
*I'll be the one.*
*Please ----*
*Let me love you & and wrap around yuu*
*until I die.*

*Dr. NNA*